
ငါကမူးတယ် . . . ဘဝကြီးကလည်တယ်
Marron (မာရွန်)

## ငါကမူးတယ် ဘဝကြီးကလည်တယ်

Maroon (မာရွန်)

အိပ်မက်လေးဆီ လိပ်မူပြီးရေးတဲ့စာ

သွားလည်းမရောက်တဲ့ အိပ်မက်ကလေး

ဝမ်းနည်းတကြီး ငါစာရေးတယ်

ထောက်ခံသူမရှိတဲ့ တံဆိပ်က

သုံးစွဲသူမရှိတာ မဆန်းဘူး...

တက်မရှိဘဲ လှော်တဲ့လှေက

ရေစီးသန်ရာ မျောနေလိမ့်မယ်

သူတို့ပြောတဲ့ တေလေလိုကောင်

အနာဂတ်မသိ ပန်းတိုင်မရှိ

ပန်းခင်းလမ်းတော့ ရမ်းလျှောက်ရတယ်...

တည်ဆောက်ထားတဲ့ အိပ်မက်အိမ်ကလေး

လေတိုးလည်း ပျက်တယ်

နေတိုးလည်း ပျက်တယ်

ခေါင်းမာမယ် အရိုင်းဆန်မယ်

အသိဉာဏ်ကို ဆားရည်စိမ်ထားလို့

စိတ်တွေက အချဉ်ဖောက်တယ်

လက်မပြောက်လည်း ဒူးထောက်လျက်သားမို့

အရှုံးသမားလို့ ကင်ပွန်းတပ်ခေါ်တယ်...

ငါ့မာနတွေ စျေးချရောင်းနေတုန်း

တစ်နေ့ ဆိုတာတွေက အတောင်တပ်ပြီး ပျံထွက်ပြေးတယ်

အပင်မြင့်မြင့်မှာ အသိုက်ဆောက်တော့

လေတိုက်တဲ့အထဲပါတယ်

သူ့ရှုတ်ချရင် ကိုယ့်မဲ့ပြဖို့

မျက်နှာထားကို ကျင့်ယူရတယ်

ငါ့ဘဝပေါ် ခဲတွေမှန်တယ်

မှန်လို့ ကွဲပြီး တစ်စစီကောင်မို့

တိတ်လည်း မနိုင်။

ဆိုင်ပို့လည်း မနိုင်။

နေ့တွေမှာအိပ်ပြီး ညတွေမှာခရီးဆက်တော့

မှောင်တာတွေကို လင်းတယ်ထင်တယ်။

ခဲမှန်ဖူးတဲ့ စာသူငယ်က

အကြောက်အလန့်တော့ ရှိသေးတာပဲ။

ယုံချင်ယုံ ပုံပြင်တွေမပြောဘူး။

တိမ်ပေါ်ခုန်တက်လို့မရရင် ဝရန်တာက ခုန်ချရဲတယ်

သေမင်းနဲ့ငါ စီးချင်းထိုးတော့

သူနိုင်ရင်တော့ ငါမရှုံးဘူး။

အလင်းရောင်တွေ့တိုင်း တိုးမဝင်မိဖို့

ပိုးဖလံကို အတုယူထားတယ်
သွားလည်းမရောက်တဲ့ ငှါအိပ်မက်လှလှကလေး
ခရီးဝေးပြီး ရှည်ကြာလွန်းတယ်...။

(5:33Pm)

Maroon(မာရွန်)

***

ကျွန်မရဲ လောကခံ

ကျူးလစ်ပန်းတွေမကြိုက်တဲ့ ကျွန်မက
ရှားစောင်းလို ဆူးပန်းကိုတော့ကြိုက်တယ်
ကိုယ့်ဘဝဟာ သိပ်လှပြီး တန်ဖိုးမကြီးပေမဲ့
ဘယ်သူမှ စိတ်လိုလက်ရ ထိလို့မရဘူးလေ
သန်မာတယ်၊ ကြံ့ခိုင်တယ်...
တယုတယ ပြုစုမယ့်သူမရှိရင်တောင်
ကျွန်မက ကိုယ့်ဘာသာ ရှင်သန်နေထိုင်ရဲတယ်
ပျားတွေလာမနားတဲ့ ပန်းကလေးက
ကျားတစ်ကောင်လိုတော့ သန်မာသေးတယ်
စိုးရိမ်ပူပန်မှုတွေကြား ကျွန်မ မနေဖူးပေမဲ့
မေတ္တာတရားကိုတော့ မကြာမကြာတတ်တယ်
လှေကားထစ်တွေမဟုတ်ဘူး
ကျွန်မရှေ့မှာ
ကျောက်ဆောင်ကမ်းပါးတွေပဲရှိတယ်

ကိုယ်ဖောက်နိုင်မှ ကိုယ်လျှောက်နိုင်မှာမို့
ခွဲမလျှော့တက်တာ ဗီဇဖြစ်လာတယ်
အတိတ်ကိုမမေ့သလို မသယ်ဆောင်ထားဘူး
ကျွန်မ ပစ္စုပ္ပန်မှာ လှလှရေးမှ
အနာဂတ်ကို အရောင်တင်နိုင်မယ်
မေတ္တာကို နားမလည်လည်း သစ္စာရှိသူမို့
မကြင်နာနိုင်သူတွေဆီက ယုံကြည်မှုတော့ရတယ်
ကျွန်မဝေဒနာကို ကျွန်မကုတယ်
ဗုဒ္ဓဘုရားရှင် ဟောကြားထားသလို
"နာရင် နာတယ်မှတ်တဲ့"
ကိုယ့်အတွက် ရပ်တည်မဲ့သူမရှိပေမဲ့
ဒီလောကမှာ ခြေနှစ်ချောင်းနဲ့ ရပ်မယ်
အပြောတွေကိုခံနိုင်ဖို့
နားနှစ်ဖက်ကို အဖွင့်အပိတ်လုပ်ထားတယ်
ရင်ထဲမှာဗလာကျင်းနေရင်တောင်
အစားကိုတော့ ဝအောင်စားတယ်
သတိမဟုတ်ဘူး...
ကျွန်မမှာ ဆင်ခြင်တုံတရားရှိတယ်
ဖာသိဖာသာ မြွေလိုကောင်မို့
လာထိရင်တော့ အဆိပ်ရှိတယ်
လမ်းမရှိလည်း ဖောက်နိုင်တယ်

ဖိနပ်မရှိလည်း လျှောက်နိုင်တယ်

လူ့ဘဝသမုဒ္ဒရာထဲ

ပဲ့ထိန်းလည်း ကိုယ်

ဦးထိန်းလည်း ကိုယ်မို့

လိုရာခရီးကိုတော့

အချိန်မီ အပြီးလျှောက်ရမယ်…။

(8:58am)

Maroon(မာရွန်)

***

စိတ္တဇဆေးရုံ

ကြွေမကျခင် မြေခခဲ့ရတဲ့အခြွေပန်းလေးပါ

သစ်ရွက်စိမ်းတွေ အခြွေခံရပြီးနောက်

ရော်ရွက်ဝါတွေဟာ တော်တော်နဲ့မကြွေရဲတော့ဘူး

အတ္တတွေကို မီးရှို့လောင်မြိုက်စေပြီး

ဟက်ဟက်ပက်ပက်ရယ်နိုင်တဲ့သူသာ

ငါသည်သာ "အောင်နိုင်သူ" တဲ့။

စိတ္တဇဆေးရုံက မိုးပျံပူဖောင်းလိုချင်နေတဲ့

ရည်မှန်းချက်ကြီးသူတစ်ယောက်ပါ…

ရှေ့တစ်လှမ်းတိုးလိုက်တိုင်း

နောက်က ချောင်းဟန့်သံတွေအထပ်ထပ်

မရှိသေတတ်ချင်ဘူး၊ အကင်းမပါးချင်ဘူး မေမေ

မိုက်ရူးရဲဆန်လိုက်ချင်တာ။

ဒီကမ္ဘာမြေပေါ် ခြေချတဲ့နေ့က

မြေမခလူသားလေးဆိုပြီး ဝိုင်းချစ်ကြသေးပါရဲ့

ခြေနှစ်ချောင်း လမ်းမပေါ်လျှောက်နိုင်မှ

အရူးဆိုတဲ့ဂုဏ်ပုဒ်နဲ့ မျက်ကွယ်ပြုရက်တယ်...။

(8:40am)

Maroon(မာရွန်)

***

## စိတ်ကျိုးငှက်ငယ်

အသိုက်လည်း ပျောက်နေပြီ

အတောင်လည်း အချိုးခံရတယ် ကျွန်တော် ဘာလုပ်သင့်သလဲ။

အသက်အရွယ်တစ်ခုထိ ရောက်နေရင်တောင်

ဒီအသိုက်အမြုံလေးက ကလေးလေးလုပ်စေချင်တယ်။

လေဆန်တွေ မတိုးနိုင်မှာစိုးလို့

လေဟုန်မှာ ပျံသန်းခွင့်မရတဲ့ ငါဟာ

ငှက်ငယ်ကလေးတစ်ကောင်သာ...

အမှီအခိုမရှိ၊ တားမြစ်ပိတ်ပင်မည့်သူမရှိ

စိတ်အလျဉ်ဟာ အရင်လိုမခက်ထန်လာဘူး။

တိုးထွက်ချင်ခဲ့တဲ့လှောင်အိမ်ဟာ

အခုဆိုရင် မကြောက်တော့ဘူး...

ကျွန်တော် လွတ်လပ်နေခဲ့ပြီလေ...

ငှက်ကလေးမို့ အပျံသင်ချင်ပါတယ်

တောင်ပံတွေကို အသုံးချလို့

ခပ်မြင့်မြင့်လေး ပျံလို့ ဝဲလို့

ပြုံးလို့ ရွှင်လို့ ...

အခုတော့ ရင်ဆိုင်နေရပြီ

အတားအဆီးတွေ မဟုတ်တော့ဘူး...

အချစ်ခံရမှုတွေ မဟုတ်တော့ဘူး...

ကျွန်တော့်မှာ သတ္တိဘယ်လောက်ရှိလဲဆိုတာတွေ။

အဖေ ပြုံးကြည့်နေမလား...

အမေ ရယ်နေမလား ...

စမ်းသပ်နေတာတွေ တော်ပြီး

အိပ်ပြန်လာဖို့ ခေါ်လေမလား။

တကယ်ရင်ဆိုင်ရတော့ တွေးကြောက်ပါတယ်

ကျွန်တော် အသိုက်ပျောက်တဲ့ ငှက်ကလေး...

အတောင်ရှိလျက် စိတ်ကျိုးနေတဲ့ငှက်ကလေး...

အခုမှသိတယ်

ကောင်းကင်ကြီးကကျယ်တယ်။

မာယာများတယ်။

ကျွန်တော်က ကလေးကလားဆန်လိုက်ပုံများ...

Maroon(မာရွန်)

***

## လုပ်ဇာတ်

ဆန္ဒကို သိက္ခာနဲ့ ထိန်းပါဆိုပြီး အော်တော့

နောက်မှာ လူမသိအောင်

အိတ်ကပ်ထဲ ထည့်တတ်တဲ့ လက်တွေက အစုလိုက်အပြုံလိုက်

ဟိုတစ်နေ့က ဈေးထဲရောက်တော့ ပြောသံကြားတယ်

ကပ်ဆိုးကြီးက မြန်မာနိုင်ငံထွက် အသီးအနှံတွေကို

ဈေးပေါပေါနဲ့ ရောင်းပေးတယ်ဆိုပဲ...

လက်ဖက်ရည်တစ်ခွက်ကို ဘယ်ဆိုင်မှာမှ

နှစ်ရာမရတော့ကြောင်းပြောတော့...

ရွာထဲကအရက်သမားကြီးက သူ့အရက်ပုလင်းဖက်ပြီး

အော်ရယ်သေးတယ်...

စီးပွားရေးသမားတွေ အကွက်မြင်ပုံက

လူတွေဆီက ကုပ်သွေးစုပ်ပြီး

လူတွေကို ပြန်လှူနေတယ်တဲ့...

အယုံလွယ်မိတာမှားပြီဆိုပြီး အော်ငိုတတ်တဲ့

ခင်ဗျားတို့က...

ပညာရှင်ကြီးတွေဆီမှာ အားကိုးပါရစေလို့

မျက်နှာချိုသွေးပြနေလေရဲ့...

ကြက်သွန်နီတွေ၊ ခါတ်ဆီတွေ ဈေးကျတယ်ဆိုတော့

အသည်းအသန် ပြေးဝယ်ထားရတဲ့…

အိမ်ရှင်မတွေရဲ့ ခြေထောက်တွေ။

အလုပ်ပေးမယ့်သူမရှိလို့

သူများနိုင်ငံ မှောင်ခိုဝင်ရတော့

ချမ်းသာချင်လို့ ဆိုပြီး ကဲ့ရဲ့တတ်တဲ့ လူတွေ…

ခေတ်ကြီးကိုအသုံးချပြီး

နာမည်ကောင်းယူနေတဲ့ သူတော်စင်ကြီးတွေ

အားလုံးက သားရဲရုံကြီးထဲက

သားသတ်သမားကြီးတွေ။

(9:25m)

Maroon(မာရွန်)

***

ကံမကောင်း…

ပြောင်းပြန်စီးဆင်းနေတဲ့ နှစ်တွေလို

အချိန်တွေက အနောက်ကနေရတယ်

ပျော်ရွှင်မှုနဲ့ စပြီး နာကျင်မှုနဲ့ ဆုံးတယ်

မြန်မာဇာတ်ကားတွေ မကြိုက်ဘူးကွာ

ချစ်ကြိုက်ညားပဲလာတာ…

မကြိုက်ပေမဲ့ အဆုံးသတ်ရင် လူတိုင်းဟာ

ပေါင်းဆုံချင်ကြတာပဲ။

ရေစုန်မျှောချလိုက်ရတဲ့ ခံစားချက်တွေကို
ရောက်ချင်တာရောက်ပါစေ လွှတ်ထားလိုက်ရတယ်
ကမ်းမရှိတဲ့သောင်မှာ တင်မိချင်တင်မိနိုင်သေးတာ
မစိမ်းလန်းတဲ့သစ်တောတွေဟာ
အပူလွန်လို့ တူးသွားတဲ့ ပေါင်မုန့်တစ်ချပ်ဆို
စိတ်မချမ်းသာလှဘူး။
ဒီတစ်နေ့ကို ကြိုသွားရင်
နောက်တစ်နေ့အတွက် ပိုပင်ပန်းရမယ်
ငါ့အပေါ်မယုံပါနဲ့…
လက်မရှိတဲ့သူရဲ့ လက်ဖဝါးပေါ်မှာ
ကံကြမ္မာအလှည့်အပြောင်းမရှိဘူး
ဦးခေါင်းထဲက အနှစ်တွေကို
အပုပ်အသိုးခံမလို့ လား…
ရွေးချယ်စရာများရင် တစ်ခုမှ
အသုံးဝင်တာမရှိတော့သလိုပါပဲ
နေရောင်တွေပျောက်မှ အိမ်ပြင်ထွက်တော့မယ်
ငါ့ကို ဘယ်သူမှ မမြင်ကြပါစေနဲ့တော့။

Maroon(မာရွန်)

***

ဂျစ်ပစီတစ်ကောင်၏ ဦးနှောက်

ငါရူးသွပ်မှုကို ဝါသနာရယ်လို့ ခေါင်းစဉ်ထိုးပြီး

တောင်ပံတစ်ချက်စာ ခတ်လို့

မင်းတို့နှလုံးသားထဲရောက်အောင် လုပ်မှာမဟုတ်ဘူး

အချစ်ခံရတဲ့ ကြက်တူရွေးလေးလို

အလှပြထားရုံ အစားရွေးပေးရုံနဲ့

ငါ့ဘဝကိုတော့ လာကစားလို့ရမယ်အထင်တွေနဲ့။

ရွှေဆိုင်ပေါ်က လာဘ်ခေါ်ဇီးကွက်လေးမဟုတ်သလို

အိပ်မက်ဆိုးတွေဖယ်ဖို့ dream catcher လဲမဟုတ်...

လမ်းမပေါ်က တေလေဂျပိုးတစ်ကောင်ဟာ

ငါ့အိပ်မက်တွေဖြစ်ပြီး

လက်သည်းဝှက်ထားတဲ့ ကြောင်ဟာလည်း

ငါပဲဖြစ်လိမ့်မယ်...

ငါတို့ ကိုးကွယ်ရာမှာ ပါရမီဖြည့်ဖက်ရှိခဲ့သလို

အသိဉာဏ်ကို rape လုပ်ပြီး

ကြိုးစားမှုပဲလို့တော့ လာမပြောနဲ့

မင်းလည်း မသေနဲ့

ငါလည်း မနေတော့ဘူး

စာဘူးတောင်းသိုက်ထဲက အင်းဆက်ပိုးတစ်ကောင်သာ။

Maroon(မာရွန်)

***

ပြဇာတ်

ခံတွင်းထဲက စကားလုံးတွေမျိုချထားတယ်

အပြုံးနဲ့လာပြီး ရင်ခွင်ထဲရောက်မှ

သတ်ပစ်မယ်လို့ ကြုံးဝါးထားပုံရတယ်

ကြိုးရှည်ရှည်နဲ့ လွှတ်ထားတဲ့ သူ့သားကောင်မှန်းမသိ

ကိုယ်ကပျော်ရွှင်နေချိန် အဝေးကလှမ်းပစ်မယ့်

မြားဟာအသွားချွန်ထက်နေခဲ့တယ်။

တစ်ကြိမ်တစ်ခါ ပျော်ဖို့ အရေး

မျက်ရည်ကိုစတေးခံပြီး တစ်ဘဝလုံးငိုကြွေးအောင်

သူ့အမည်းရောင်နှလုံးသားက သွေးအေးတယ်

လက်ဖျံကြောလေး စိမ်းနေတော့

ကိုယ့်အကြည်ဓာတ်လေးကြောင့် သူပျော်နေတယ်ထင်မိခဲ့

ကန့်လန့်ကာရှေ့မှာ က နေတဲ့မင်းသမီးလေးဟာ

ကြိုးဆွဲရုပ်သေးရုပ်မှန်းသာသိခဲ့ရင်...

ကိုယ်တော့ ဒီပွဲကြည့်ဖြစ်မှာမဟုတ်ဘူး။

Maroon(မာရွန်)

***